# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၇ ရက် )

[သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၂၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး ရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမင်းဦး၊ ပဲခူး (၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ မိသားစု ကျန်းမာရေး ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးတင်မြ၊ စစ်ကိုင်း(၇) ဒေသဖွံ့ဖြိုးရေး၊ ဦးကြည်ထွန်း၊ မကွေး(၁) ဒေသဖွံ့ဖြိုးရေး၊ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးသက်၊ တနင်္သာရီ(၁) ၊ ကျန်းမာရေး၊ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး၊ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် တယ်လီဖုန်းကြိုးလိုင်း ဆက်ကြောင်းများ ပြီးစီးနိုင်မည့်အချိန်နှင့် ကုမ္ပဏီအသီးသီးမှရောင်းချထားသော ဖုန်းလိုင်းများ အဆင်ပြေစွာ ပြောဆိုနိုင်ရန် လိုအပ်သော စက်ပစ္စည်းများ ဖြည့်စွက်တပ်ဆင်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချစ်လွင်က ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့တွင် တယ်လီဖုန်းကြိုးလိုင်း ဆက်ကြောင်းများ ပြီးစီးနိုင်မည့် အချိန်နှင့် ကုမ္ပဏီအသီးသီးမှ ရောင်းချထားသော ဖုန်းလိုင်းများ အဆင်ပြေစွာ ပြောဆိုနိုင်ရန် လိုအပ် သော စက်ပစ္စည်းများ ဖြည့်စွက်တပ်ဆင်ပေးမည့် အစီအစဉ်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တယ်လီဖုန်းကြိုးလိုင်း ဆက်ကြောင်းများ ပြီးစီးနိုင်မည့် အချိန်နှင့် ကုမ္ပဏီအသီးသီးမှ ရောင်းချထားသော ဖုန်းလိုင်းများ အဆင်ပြေစွာ ပြောဆိုနိုင်ရန် လိုအပ်သော စက်ပစ္စည်းများ ဖြည့်စွက်တပ်ဆင်ပေးမည့် အစီအစဉ်ကို သိရှိလို၍ မဲဆန္ဒရှင် ပြည်သူများ ကိုယ်စား ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ခန္တီးနဲ့ ဟုမ္မလင်းမြို့နယ်တွေမှာ ကုမ္ပဏီတစ်ခုကနေ MC Will (010) Code နဲ့ ဖုန်းတစ်လုံးကို (၅)သိန်းကျော်နဲ့ ရောင်းချခဲ့ပါတယ်။ ထပ်မံပြီး ကုမ္ပဏီတစ်ခုကနေပြီးတော့မှ GSM ဖုန်းကို (09) Code တစ်လုံးကို (၂)သိန်းနဲ့ ရောင်းချခဲ့ပါတယ်။ နောက်ထပ်တစ်ခါ (၁၅၀၀) တန် ဖုန်းတွေ ပေါ်လာတဲ့အချိန်မှာ ထပ်ပြီး ဖုန်း ရောင်းပါတယ်။ နောက် ခုချိန်မှာ ကုမ္ပဏီတစ်ခုကနေပြီးတော့ ကြိုးဖုန်းလိုင်းများ တပ်ဆင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေတာကို တွေ့ရှိရတဲ့အတွက်ကြောင့်မို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ကူညီထောက်ပံ့ပေးနေတဲ့ ကုမ္ပဏီများကို ဒေသခံမဲဆန္ဒရှင် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဒါပေမယ့်လည်း ကုမ္ပဏီများ ရောင်းချထားတဲ့ ဖုန်း သုံး၊ လေးမျိုး အနက်မှာ MC Will (010) Code တစ်ခုတည်းသာ ခန္တီးနဲ့ ဟုမ္မလင်းမှာ အသုံးပြုလို့ ရပါတယ်။ ကျန်တဲ့ဟာတွေကတော့ မရပါဘူး။ ဒါဟာလည်း ဒီဖုန်းကလည်း မကြာခဏလို လိုင်းပျောက်တတ်ပါတယ်။ ကျန်ဖုန်းတွေကတော့ ဖုန်းထဲမှာ လိုင်းအပြည့် ပေါ်နေပေမယ့်လည်း ခေါ်ဆိုလို့ မရပါဘူး။ မဲဆန္ဒရှင် ပြည်သူတွေကနေပြီးမှ Phone Hand Set မှာ Game Set ဖြစ်နေတဲ့အကြောင်း၊ Game Set ကနေ Phone Set ဘဝဖြစ်အောင် ကိုယ်စားလှယ်ကြီးတွေ မပြောနိုင်တော့ဘူးလား၊ မလုပ်ပေးနိုင်တော့ဘူးလား ဆိုပြီးတော့မှ ကျွန်တော်တို့ကို အတည်ပေါက်နဲ့ တစ်မျိုး၊ နောက်ပြောင်ပြီးတော့တစ်မျိုး ပြောနေတဲ့အတွက်ကြောင့်မို့ နယ်ရောက်သွားတဲ့ ကိုယ်စားလှယ်တွေဟာ ဖုန်းနဲ့ပတ်သက်လို့ ပြောဆိုခံနေရတာ ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ ဟုမ္မလင်းမြို့နယ် တယ်လီဖုန်းတာဝါတိုင် ကိစ္စကို သွားရောက်မေးမြန်းတဲ့ အချိန်မှာ တယ်လီဖုန်း ကြိုးလိုင်းဆက်ကြောင်း ပြီးလို့ရှိရင် ကောင်းမွန်သွားမယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။ တယ်လီဖုန်း ကြိုးလိုင်းဆက်ကြောင်း ပြီးစီးမယ့် အချိန်ကို မေးတဲ့အခါကျတော့ တိတိကျကျ မပြောနိုင်ဘဲနဲ့ တိကျမှုမရှိတဲ့ အဖြေတွေနဲ့ပဲ ပြီးဆုံးခဲ့ပါတယ်။ တယ်လီဖုန်းလိုင်းဆက်ကြောင်း အခြေအနေကို မေးကြည့်တဲ့အခါမှာ ဖောင်းပြင်၊ လက်ဆေးတောင် တာဝါတိုင်ကနေပြီးတော့ ရွှေပြည်အေးမြို့သစ်တာဝါတိုင်ကိုပေးပို့ပြီး လက်ဆေးတောင်တာဝါတိုင် တပ်ဆင်ဖို့အတွက်ဆိုလို့ရှိရင်လည်း စက်ပစ္စည်းတွေ ဟုမ္မလင်းကို ရောက်ရှိနေပြီဆိုတဲ့အကြောင်း တိုင်းဆက်သွယ်ရေးကနေပြီးတော့မှ ကျွမ်းကျင် ပညာရှင်တွေ လာရောက်ပြီး တပ်ဆင်ပေးမယ့်ဆိုတဲ့အကြောင်း ဖြေကြားခဲ့ပါတယ်။ လက်ဆေးတောင် တာဝါတိုင်ကနေပြီးတော့ ရွှေပြည်အေးမြို့သစ် တာဝါတိုင်ကို ပို့ပြီး အဲဒီတိုင်ကနေတစ်ဆင့် ဟုမ္မလင်းကို ရောက်ရှိမှာ

ဖြစ်ကြောင်းကို တာဝန်ခံကနေပြီးတော့ ရှင်းပြခဲ့ပါတယ်။ ရွှေပြည်အေးမြို့သစ်မှာ ထောင်မယ့် တာဝါတိုင်က ရွှေပြည်အေးမြို့သစ် တိုက်နယ်ဆေးရုံရှေ့မှာ ထောင်မှာဖြစ်ပြီး တယ်လီဖုန်းဆက်ကြောင်း တာဝါတိုင်မှာ အဆောက်အဦသာ ပြီးစီးပြီးတော့မှ တိုင်အခြေအနေနဲ့ Foundation ချထားတာ ရှိတာကိုပဲ တွေ့ရှိရပါတယ်။

ဒါကြောင့်မိုလို့ ရွှေပြည်အေး၊ ဟုမ္မလင်း၊ ခန္တီး အတွင်းမှာရှိတဲ့ တယ်လီဖုန်းကြိုးလိုင်း ဆက်ကြောင်းတိုင်များဟာ ဆိုရှိရင် ပြီးစီးမှု မရှိသေးတာကို တွေ့မြင်ခဲ့ရပါတယ်။ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်ဟာ မိုးများရာ ဒေသဖြစ်ပြီးတော့ မိုးတွင်းဒေသမှာ စက်ပစ္စည်းများ တပ်ဆင်ဖို့အတွက် အခက်အခဲ ဖြစ်နိုင်ပါတယ်။ တယ်လီဖုန်း တာဝါတိုင်များမှာလည်း တောင်ထိပ်ပေါ်မှာ တည်ရှိတဲ့ အတွက်ကြောင့်မို့ ပိုပြီးတော့မှ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့်မိုလို့ မဲဆန္ဒနယ်ရှင် ပြည်သူများ သိရှိလိုတဲ့ မေးခွန်းတွေကတော့ (က) တယ်လီဖုန်း ကြိုးလိုင်း ဆက်ကြောင်း ပြီးစီးမယ့်အချိန် (ခ) တယ်လီဖုန်း ကြိုးလိုင်းဆက်ကြောင်း ကြန့်ကြာနေသည်ဆိုပါက ကုမ္ပဏီအသီးသီးမှ ရောင်းချထားသော ဒေသခံ ပြည်သူများ ကိုင်ဆောင်ထားသည့် ဖုန်းလိုင်းများ ဧည့်သည်ဖုန်းလိုင်းများ အဆင်ပြေစွာ ပြောဆိုနိုင်ရန် သက်ဆိုင်ရာ ကုမ္ပဏီများမှ မည်သည့် စက်ပစ္စည်းများ ဖြည့်စွက်တပ်ဆင်ပေးမည်နည်း၊ စက်ပစ္စည်းများ ဖြည့်စွက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ (ဂ) ကုမ္ပဏီအသီးသီးမှ ရောင်းချထားသော တယ်လီဖုန်းများ စိတ်ချမ်းမြေ့စွာ ခေါ်ယူပြောဆိုနိုင်မှု ရရှိမည့်အချိန် စသည်တို့ကို ဖော်ပြပါမေးခွန်းများကို မိဘပြည်သူ များ ကိုယ်စား ဥက္ကဋ္ဌမှတစ်ဆင့် အပြုသဘောဆောင်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချစ်လွင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ကျွန်တော် ဦးသောင်းတင် ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာနမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျ။

ကိုယ်စားလှယ်တော်ကြီး ခုနက တင်ပြတဲ့အတိုင်းပဲ မှန်ပါတယ်ခင်ဗျ။ ကျွန်တော်တို့အနေနဲ့ တယ်လီဖုန်း ဆက်သွယ်ရေး အဆင်မပြေတဲ့အခါမှာ Hand Set က ဖုန်းဆက်ဖို့ထက် Game Set ဖြစ်နေပါတယ်ခင်ဗျ။ အဲဒါလေးအတွက် အဆင်ပြေသွားအောင် တောက်လျှောက်တော့ ကြိုးစားပြီး ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျ။

အခု ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်ချက်လေးကို ပထမ ရှင်းလင်းတင်ပြပါရစေ ခင်ဗျား။ ပြီးမှ မေးခွန်းကို ဖြေပါမယ်ခင်ဗျ၊ ပထမအချက်က ဆက်သွယ်ရေး တယ်လီဖုန်း ဆက်သွယ်နိုင်ဖို့ အတွက်ဆိုလို့ရှိရင် အချက်အလက် (၃)ချက်ပြည့်စုံရပါမယ်ခင်ဗျ။ တစ်ခုကတော့ တာဝါတိုင် ဖြစ်ပါတယ်။ တာဝါတိုင် ရှိမှ အနီးပတ်လည် (၅) မိုင် (၆) မိုင် ပတ်လည်မှာရှိတဲ့ ပြည်သူများကို ဆက်သွယ်ဖို့ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒုတိယက အဲဒီတာဝါတိုင်ပေါ်မှာ ကျွန်တော်တို့က Telephone Equipment ပေါ့ခင်ဗျ။ Transmission Equipment တွေ တပ်ဆင်ရပါမယ်။ Radio Equipment ပေါ်မှာ မူတည်ပြီးလို့ရှိရင် ဆက်သွယ်နိုင်တဲ့ လူဦးရေ အရေအတွက် ကွာခြားသွားပါတယ်ခင်ဗျ။ အနည်းဆုံး (၁၀၀၀)ကနေပြီးတော့ (၈၀၀၀)လောက်အထိ စက်အမျိုးအစား ကွာခြားချက် ရှိပါတယ်ခင်ဗျ။

တတိယတစ်ချက်ကတော့ ကျွန်တော်တို့က (၅)မိုင်ပတ်လည် (၆)မိုင် ပတ်လည် အတွင်းမှာရှိတဲ့ လူအချင်းချင်းပဲ ဆက်သွယ်ကြမှာမဟုတ်ဘဲနဲ့ တစ်ပြည်လုံးနဲ့ ဆက်သွယ်ကြမှာ နောက် နိုင်ငံခြားနဲ့ ဆက်သွယ်ကြမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီတာဝါတိုင်ကနေပြီးတော့ ရန်ကုန်မှာရှိတဲ့ နောက် နိုင်ငံခြားနဲ့ ဆက်သွယ်နိုင်တဲ့ International Gateway ထိ ရောက်အောင် အဝေးဆက်ကြောင်း ဆက်သွယ်ဖို့ လိုပါတယ်ခင်ဗျ။ ရေပိုက်ဆွဲရသလိုပဲ ဖြစ်ပါတယ်။ အဲဒီ (၃) ချက် ပြည့်စုံမှ ဆက်သွယ်ရေး အဆင်ပြေစွာ ချောမွေ့စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့အနေနဲ့ တာဝါတိုင် တည်ဆောက်တဲ့ကိစ္စကတော့ အချိန် သိပ်မကြာပါဘူးခင်ဗျ။ နောက် Equipment တပ်ဆင်တာလည်း အချိန် သိပ်မကြာပါဘူး။ (၆) လ လောက်တင် ပြီးစီးနိုင်ပါတယ်။ အဲဒီမှာ အဓိက အခက်အခဲဖြစ်တာက အဲဒီတာဝါတိုင်ရှိတဲ့ နေရာကနေပြီးတော့ International Gateway ထိ ရောက်အောင် Transmission အဝေးဆက်ကြောင်း တည်ဆောက်ရတဲ့ အချိန်ကာလ ဖြစ်ပါတယ်။ အဝေးဆက်ကြောင်းနဲ့ ပတ်သက်လို့ရှိရင်တော့ အဆင်ပြေဆုံး အကောင်းဆုံးကတော့ Fiber လိုင်း ဆွဲခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ Fiber လိုင်းဆွဲတဲ့ ကိစ္စကတော့ အချိန်ကြာမြင့်တဲ့အတွက်ကြောင့် ကျွန်တော်တို့က တစ်ဆင့်စီပဲ ဆောင်ရွက်လျက် ရှိပါတယ်ခင်ဗျ။

လက်ရှိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ Fiber လိုင်းက ကီလိုမီတာ (၃၀၀၀)ကျော် ကျွန်တော်တို့ ဆွဲလို့ ပြီးပါပြီ။ ကျွန်တော်တို့ ခန့်မှန်းထားတာက တကယ်အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့ဆိုရင် ကီလိုမီတာ(၂၀၀၀၀)လောက် ကျွန်တော်တို့ ဆွဲရမှာ ဖြစ်ပါတယ်။ လိုင်းတစ်လိုင်းတည်း ရှိရုံနဲ့လည်း အဆင်မပြေပါဘူးခင်ဗျ။ လိုင်းတစ်လိုင်းရှိပြီးတော့ လိုင်းပြတ်သွားလို့ရှိရင် လုံးဝပြတ်တောက်သွားမှာ ဖြစ်တဲ့အတွက် Ring လို့ခေါ်တဲ့ နောက်ထပ် အရံလိုင်းတွေ ထပ်တည်ဆောက်ရပါတယ်။ အဲဒီတော့ ခန့်မှန်းချက်အရ ကီလိုမီတာ (၂၀၀၀၀)လောက် တည်ဆောက်ဖို့ လိုပါမယ်ခင်ဗျ။ အဲဒီတော့ Fiber လိုင်း မတည်ဆောက်နိုင်သေးခင် ကာလမှာ အဆင်ပြေဖို့ ဆိုရင် ဒုတိယသုံးစွဲတာ မိုက္ကရိုဝေ့ဗ် တာဝါတိုင် တွေပါခင်ဗျ။ သူကတော့ မိုင် (၅၀)အကွာမှာ တာဝါတိုင် တစ်တိုင်စီလောက် တည်ဆောက် ပြီးတော့ လေထဲကတစ်ဆင့် လွှင့်ပါတယ်ခင်ဗျ။ သူကတော့ ကုန်ကျစရိတ်တော့ ပိုများပါတယ်။ ဒါပေမဲ့ သူက ရာသီဥတု အခြေအနေပေါ် မူတည်ပြီးလို့ရှိရင် နည်းနည်း သူ့ရဲ့ ဆက်သွယ်တဲ့ အစီအစဉ်လေးမှာ အထူးသဖြင့် ရာသီဥတု မကောင်းတဲ့အချိန်မှာ အနှောင့်အယှက် နည်းနည်းရှိပါတယ်။

တတိယတစ်ခုကတော့ Satellite က ဖြစ်ပါတယ်။ အထူးသဖြင့် ဝေးလံခေါင်ဖျားတဲ့ ဒေသတွေမှာ ဆက်သွယ်ရေး အခက်အခဲ ရှိတဲ့နေရာ ဒေသတွေမှာဆိုရင် Satellite ကနေ တိုက်ရိုက်ချပေးပါတယ်။ Satellite က ကတော့ ဈေးအကြီးဆုံး ဖြစ်တဲ့အပြင် သူက Satellite က ယူရတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လူဦးရေ နည်းနည်းပဲ ဆက်သွယ်နိုင်ပါတယ်။ ဆယ်ဂဏန်းပဲ ဆက်သွယ်နိုင်ပါတယ်။ နောက်တစ်ခါ Satellite က ကမ္ဘာမြေပြင် အထက်မှာ ကျွန်တော်တို့ မိုင်ပေါင်း နှစ်သောင်းခွဲလောက်အထိ အမြင့်မှာ တည်ရှိတဲ့အတွက်ကြောင့် ရာသီဥတု ဒဏ်ကို မခံနိုင်ပါဘူး။ ရာသီဥတု ဆိုးဝါးတာနဲ့တစ်ပြိုင်နက်တည်း ဆက်သွယ်မှု ပြတ်တောက်တဲ့ အဆင့်အထိ ဖြစ်ပါတယ်။ အဲဒီတော့ အထူးသဖြင့် အဝေးဆက်သွယ်တဲ့ Transmission လမ်းကြောင်း (၃) ခုမှာ ကျွန်တော်တို့ Satellite နဲ့ဆိုလို့ရှိရင် ပထမအချက် သုံးစွဲတဲ့လူ အကန့်အသတ် ရှိပါတယ်။

ဒုတိယအချက်က ရာသီဥတုအခြေအနေပေါ်မူတည်ပြီးတော့ မကြာခဏ ပြတ်တောက်မှု ကြုံရပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ Satellite လိုင်းကြောင်းအစား မိုက္ကရိုဝေ့ဗ် နောက်တစ်ပိုင်းကတော့ နောက်တစ်ဆင့်အနေနဲ့ကတော့ Fiber လိုင်းကြောင်းတွေ ဖြစ်အောင် ကျွန်တော်တို့က အဓိက ဦးစားပေး တည်ဆောက်လျက်ရှိပါတယ်။ ဒါကတော့ ဆက်သွယ်ရေး ရရှိအောင် တည်ဆောက်ရတဲ့ ကိစ္စလေး အကြမ်းဖျင်း ရှင်းပြတာပါခင်ဗျ။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်း အဓိက နှစ်ခု တွေ့ရပါတယ်ခင်ဗျ။ တစ်ခုကတော့ ကျွန်တော်တို့ တယ်လီဖုန်းကြိုးလိုင်းတွေပါခင်ဗျ။ ကြိုးလိုင်းတွေ ရရှိဖို့ ဖြစ်ပါတယ်။ အဲဒီကိစ္စ လက်ရှိဆောင်ရွက်နေတာလေး တင်ပြပါရစေခင်ဗျ။ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီး မြို့နယ်မှာ GSM Radio စခန်း (၂)ခု၊ ဟုမ္မလင်းမြို့နယ်မှာ GSM Radio စခန်း (၄) စုစုပေါင်း Radio စခန်း (၆)ခု ၂၀၁၂ က စပြီးတော့ တပ်ဆင်ဖွင့်လှစ်ထားပါတယ်။

ဒါပေမဲ့ ခုနက တင်ပြခဲ့သလို အဲဒီစခန်းတွေကနေပြီးတော့ ရန်ကုန်၊ နေပြည်တော် International Gateway ထိ သွားဖို့အတွက် အဝေးဆက်ကြောင်းမှ Fiber မရရှိနိုင်သေးပါဘူး။ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းလည်း အဲဒီကာလက မရှိသေးပါဘူး ဖြစ်ပါတယ်။ အဲဒါကြောင့် IP star Satellite သုံးစွဲပြီးတော့ လက်ရှိ ဝန်ဆောင်မှု ပေးနေရပါတယ်ခင်ဗျ။ ခုနက တင်ပြခဲ့သလို IP star Satellite အနေနဲ့တော့ Bandwidth ကန့်သတ်ချက် ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ တစ်ပြိုင်နက် သုံးစွဲတဲ့အခါမှာလည်း လူဦးရေ ဆယ်ဂဏန်းပဲ ရပါတယ်ခင်ဗျ။ အဲဒါကြောင့် လက်ရှိ သုံးစွဲတဲ့အခါ လိုင်းကြပ်တာ၊ လိုင်းမကောင်းတာ၊ လိုင်းပြတ်တောက်တာတွေ အဆင်မပြေမှုတွေ ကြုံတွေ့ပြီးတော့ ခုနက တင်ပြသလို တယ်လီဖုန်းမှာ လိုင်းရှိတယ်လို့ ထင်ရပေမယ့် ဆက်သွယ်လို့ မရတာက ကန့်သတ်ချက် လူဦးရေ ကျော်သွားတဲ့အခါ ဖြစ်တာဖြစ်ပါတယ်ခင်ဗျ။

အဲဒီတော့ အဲဒီကိစ္စအတွက် ကျွန်တော်တို့အနေနဲ့ လက်ရှိ လိုင်းဖုန်းနဲ့ပတ်သက်လို့ ဆောင်ရွက်လျက်ရှိတာကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ခန္တီးမြို့မှာ လိုင်းအင်အား (၃၀၀)နဲ့ ဟုမ္မလင်းမြို့မှာ လိုင်းအား (၂၀၀) ပါတဲ့ အော်တိုအိတ်ချိန်း တည်ဆောက်လျက်ရှိပါတယ်။ အခုဆိုလို့ ရှိရင် Cable လုပ်ငန်းနဲ့ Switching လုပ်ငန်းတွေ ပြီးသွားပြီ ဖြစ်ပါတယ်ခင်ဗျ။ ဒီဘတ်ဂျက်အရ ၂၀၁၄-၂၀၁၅ အတွင်းမှာပဲ ကျွန်တော်တို့ သုံးစွဲသွားနိုင်မှာ ဖြစ်ပါတယ်ခင်ဗျ။

ဒုတိယမေးခွန်းကတော့ အထူးသဖြင့် မိုဘိုင်းဖုန်းနဲ့ ပတ်သက်ပါတယ်။ မိုဘိုင်းမျိုးစုံ အဆင်ပြေစွာ သုံးစွဲနိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီအတွက်တော့ ကျွန်တော်တို့က ခန္တီး၊ ဟုမ္မလင်းနဲ့ ဖောင်းပြင် မြို့တွေမှာ ကျွန်တော်တို့ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း ထပ်မံ တည်ဆောက်လျက်ရှိပြီးတော့ ခုန တင်ပြခဲ့သလို Satellite ကနေပြီးတော့ Transmission ယူရတဲ့ ကန့်သတ်ချက် ဖြစ်တာကို ဒုတိယ အဆင့်အနေနဲ့ မိုက္ကရိုဝေ့ဗ် တည်ဆောက်လျက်ရှိပါတယ်ခင်ဗျ။ အဲဒီတော့ မိုက္ကရိုဝေ့ဗ် အနေနဲ့ ဆိုလို့ရှိရင်တော့ မိုင်းချောင်း၊ ဖောင်းပြင်၊ ကိုးပင်၊ နောင်လွန်တောင်၊ ဟုမ္မလင်း၊ အုန်းဘက်၊ ပင်းမာ၊ လင်းဖား၊ ခန္တီးမြို့တို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ခုန တင်ပြသလို မိုက္ကရိုဝေ့ဗ်က မိုင်(၅၀)စီမှာ တစ်တိုင်စီလောက် တည်ဆောက်ရပါတယ်။ အဲဒီတော့ မိုက္ကရိုဝေ့ဗ် စခန်း(၈)ခုရဲ့ စက်မှု အဆောက် အဦတွေ ပြီးသွားပါပြီခင်ဗျ။

ခုန ကိုယ်စားလှယ်တော်ကြီး တင်ပြသလို စက်မှုအဆောက်အဦ ပြီးပေမယ့် တာဝါတိုင် ထပ်တည်ဆောက်ရပါတယ်။ တာဝါတိုင် တည်ဆောက်တဲ့ ကိစ္စလည်း ပြီးစီးမှု ရှိပါပြီခင်ဗျ။ အဲဒီတော့ ပြီးလို့ရှိရင် မိုက္ကရိုဝေ့ဗ်စက်တွေ တပ်ဆင်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွင်းမှာ အပြီးတပ်ဆင်သွားမှာ ဖြစ်ပါတယ်။ အဲဒါပြီးလို့ရှိရင်တော့ ဟုမ္မလင်းမြို့မှာပေါ်ရှိတဲ့ GSM စခန်း (၂)ခု၊ နောင်ပိုအောင် GSM စခန်း (၁)ခု၊ ခန္တီးမြို့မှာရှိတဲ့ GSM စခန်း (၂)ခု၊ စုစုပေါင်း GSM စခန်း (၅)ခုကို မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းနဲ့ ချိတ်ဆက်သွားမှာဖြစ်ပါတယ်။ အဲဒါပြီးလို့ရှိရင်တော့ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်း ချိတ်ဆက် ပြီးသွားနိုင်ပြီဆိုရင်တော့ အသုံးပြုတဲ့ လူဦးရေကိုလည်း တစ်ပြိုင်တည်း သုံးစွဲတဲ့လူဦးရေကိုလည်း တိုးချဲ့သွားနိုင်မှာဖြစ်ပါတယ်ခင်ဗျ။ အဲဒီတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွင်းမှာပဲ ကိုယ်စားလှယ်တော်ကြီး မေးတဲ့ ကျွန်တော်တို့ GSM နဲ့ပတ်သက်တဲ့ကိစ္စလေးတွေ အဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ အားလုံး အဆင်ပြေစွာချောမွေ့စွာ ဆက်သွယ်နိုင်ဖို့ဆိုရင် Fiber လိုင်း တည်ဆောက်ရဦးမှာ ဖြစ်ပါတယ်။ ခုက ဒုတိယအဆင့်အနေနဲ့ မိုက္ကရိုဝေ့ဗ် တည်ဆောက်တာ ဖြစ်ပါတယ်။ Fiber လိုင်း တည်ဆောက်တာတော့ တောက်လျှောက် တိုးချဲ့ပြီး တည်ဆောက်လျက် ရှိပါတယ်ခင်ဗျ။ ခုတော့ ကီလိုမီတာ(၃၀၀၀)ကျော်ပဲ ရှိသေးတဲ့အတွက်ကြောင့် တကယ့်ရည်မှန်းချက် ဖြစ်တဲ့ (၂၀၀၀၀) ကျော် မီဖို့တော့ နည်းနည်းအချိန်ယူရဦးမှာ ဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာတော့ နောက်ထပ်(၃၀၀၀၀) ကျော် ထပ်မံခင်းဖို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝန်း သောက်ရေ သန့်ဘူးများရဲ့ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှု ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပြည်တွင်း သောက်ရေသန့်လုပ်ငန်းကို ၁၉၆၈ ခုနှစ်က စတင်ခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း ၁၉၉၀ ခုနှစ်မှသာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို ပြုပြင်ပြောင်းလဲလာခြင်း၊ မြို့ပြလူနေမှုစနစ် တိုးတက်လာခြင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနဲ့ ဈေးကွက်မှ တောင်းဆိုလာခြင်းတို့ကြောင့် သောက်ရေသန့်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရတာ ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်တဲ့ ဒဂုံသောက်ရေသန့်အပြင် ပုဂ္ဂလိကလုပ်ငန်းတွေဖြစ်တဲ့ Top၊ Rainbow၊ ဓူဝံ၊ Super၊ Winner ၊ OASIS စတဲ့ သောက်ရေသန့်လုပ်ငန်းတွေ အပြိုင်အဆိုင် ပေါ်ပေါက်လာပါတယ်။ ၁ လီတာဘူး၊ လီတာဘူးဝက် စသည်တို့ကို ထုတ်လုပ်ပြီးတော့ ဈေးကွက်က ကျဉ်းပါတယ်။ ၁၉၇၉ ခုနှစ်မှာတော့ ဒဂုံရေသန့်ကနေပြီး Spa ရေစင်ဆိုတဲ့ သောက်ရေသန့် ဖန်ပုလင်းတွေကို စတင် ထုတ်လုပ်ခဲ့ပါတယ်။ ပုဂ္ဂလိကပိုင်များသာမက ဌာနဆိုင်ရာ အဖွဲ့အစည်းတွေကလည်း ရေသန့်လုပ်ငန်းကို စီးပွားရေးအဖြစ် ထုတ်လုပ်ဖြန့်ချိလာခဲ့ပါတယ်။ ကုမ္ပဏီတွေ၊ စက်ရုံကြီးတွေက တစ်နိုင်လုံးအတိုင်းအတာနဲ့ ထုတ်လုပ်ဖြန့်ချိနေသလို၊ တစ်နိုင်တပိုင် မိသားစု စီးပွားရေးသာသာ လုပ်ကိုင်နေတဲ့ တံဆိပ်တွေကိုလည်း အများအပြားတွေ့ရှိရပါတယ်။

၂၀၀၀ ပြည့်နှစ်မှာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှာ သောက်ရေသန့်လုပ်ငန်း (၄၉)ခု မှတ်ပုံတင်ခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်မှာ (၂၀၀)ကျော်အထိ တိုးတက်လာပါတယ်။ စက်များရဲ့ ထုတ်လုပ်မှု ပမာဏ တစ်လီတာ၊ လီတာ (၄၀၀)ကနေပြီးတော့ လီတာ (၁၂၀၀၀)အထိ လည်ပတ်ထုတ်လုပ်နိုင်တာကိုလည်း တွေ့ရှိရပါတယ်။ ရေသန့်ထုတ်လုပ်မှု သောက်သုံးမှု အများဆုံးကတော့ လူဦးရေအများဆုံး နေထိုင်တဲ့ ရန်ကုန်မြို့ဖြစ်ပါတယ်။ (၁)နာရီကို ရေသန့်လီတာ (၁၀၀၀၀)ကျော်အထိ ထုတ်လုပ်နိုင်တဲ့ စက်ရုံတွေကိုတော့ စက်ရုံကြီးအဆင့် သတ်မှတ်ပြီးတော့၊ ရေသန့်လီတာ (၂၀၀၀)ကနေ (၁၀၀၀၀)ကြားထုတ်လုပ်မယ်ဆိုရင် စက်ရုံလတ်၊ ရေသန့်လီတာ (၂၀၀၀)ထိသာ ထုတ်လုပ်မယ်ဆိုရင် စက်ရုံသေးဆိုပြီး ခွဲခြား

သတ်မှတ်ပေးထားပါတယ်။ ကျွန်တော်တို့ မှော်ဘီမြို့နဲ့ သန်လျင်မြို့များကတော့ မူလရေအရင်းအမြစ် အကောင်းဆုံး(၂)နေရာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ၁၉၉၇ ခုနှစ် နောက်ပိုင်းမှာ ကျန်းမာရေး ဝန်ကြီးဌာနက သောက်ရေသန့် အရည်အသွေးကို စစ်ဆေးပြီး၊ အချို့ အမှတ်တံဆိပ်တွေဟာ သောက်သုံးရန် မသင့်ကြောင်း ထုတ်ပြန်ခဲ့တဲ့အတွက် တစ်ချို့ ပေါ်ပင်တံဆိပ်တွေဟာ လျော့နည်းပျောက်ကွယ်သွားခဲ့တာ တွေ့ရပါတယ်။

ရေကောင်းရေသန့်ဆိုတာ အရောင်အဆင်း၊ အနံ့၊ အရသာ မရှိပါဘူး။ မဂ္ဂနီစီယမ်ဓာတ်၊ သံဓာတ်၊ ကယ်စီယမ်ဓာတ် စတဲ့ အာဟာရဓာတ်တွေပါဝင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ရေ အရည်အသွေးဆိုင်ရာ စံစနစ်တွေကို ပြဋ္ဌာန်းသတ်မှတ်ပေးထားပေမယ့်လည်း ရေသန့်ထုတ်လုပ်ရောင်းချမှု အပိုင်းမှာ ထုတ်လုပ်ရောင်းချသူများဘက်က ရေအရည်အသွေးဆိုင်ရာ စံစနစ်တွေကို စစ်ဆေးသော်လည်း စဉ်ဆက်မပြတ် စစ်ဆေးမှုမပြုတဲ့အတွက် ရေအရည်အသွေးနိမ့်ကျတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ရေပေးရေးစနစ်ကနေ ဖြန့်ဖြူးတဲ့ရေတွေဟာ ကလိုရင်းပမာဏများမယ်ဆိုရင် ဒါနောက်နေ့ သတင်းစာတွေမှာ ထပ်ခါတလဲလဲ ပြောမဆုံးနိုင်တဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။

ဒါပေမဲ့ ရေသန့်ဘူးတွေမှာ အမှုန်ပါဝင်တာတွေ၊ အရသာ၊ အိုဇုန်းဓာတ် ကျန်ရှိနေခြင်းတွေကတော့ ဘေးအန္တရာယ် ဖြစ်ပေါ်စေနိုင်ပါတယ်။ သောက်ရေသန့်ဘူးများအတွင်း ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှုတွေ မပြုလုပ်တဲ့အတွက် ရေသန့်ဘူးတွေအတွင်းမှာ ပိုးမွှားများ ဝင်ရောက်မှု များပြားတာတွေ၊ သတ်မှတ်ပမာဏထက် များပြားနေတဲ့ ဓါတ်သတ္တုတွေဟာ လူကို ဘေးဥပဒ်ဖြစ်စေမှာ ဖြစ်ပါတယ်။ ထုတ်လုပ်ရောင်းချသူတွေက ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှု ပြုလုပ်ခြင်း မပြုလုပ်သလို၊ စားသုံးသူတွေအနေနဲ့လည်း ရေနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါးတဲ့အတွက် နောက်ဆုံး နစ်နာရသူတွေကတော့ စားသုံးသူတွေသာ ဖြစ်ပါတယ်။ ဝယ်ယူစားသုံးမှုအတွက် ငွေကြေးကုန်ကျမှုရှိသလို၊ ကျန်းမာရေးနဲ့ ညီညွတ်ပြည့်စုံဖို့ လိုအပ်မှာ အမှန်ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်တစ်ဝန်း ရေသန့်ဘူးများရဲ့ ရေအရည်အသွေးဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှု ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အများပြည်သူလူထုရဲ့ ကျန်းမာရေး အကျိုးအလို့ငှာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်မြို့နယ်အတွင်းရှိ ဇလုံ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကံကြီးကုန်း ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က ပြည်မြို့နယ်အတွင်းရှိ ဇလုံကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကံကြီးကုန်း ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းကို Power Point များဖြင့် မေးမြန်းခွင့်ပြုပါခင်ဗျား။

ဒါကတော့ ကျွန်တော့်ရဲ့ မေးခွန်းမှာပါတဲ့ ဇလုံကျေးရွာလေး ဖြစ်ပါတယ်။ ဇလုံကျေးရွာလေးဟာ ဧရာဝတီမြစ်ရဲ့ မြောက်ဘက်ရေလမ်း ခရီးတစ်ခုသာရှိပြီးတော့ နေ့ဝက်ခရီးနဲ့ သွားလာရတဲ့ ကျေးရွာဖြစ်ပြီးတော့ ပဲခူးတိုင်းရဲ့ အစွန်ဆုံးကျေးရွာလေးဖြစ်ပါတယ်။ ဒီ ကျေးရွာမှာ ရှိခဲ့တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲရဲ့ အဆောက်အဦ မရှိတဲ့အတွက်သည့်အတွက်ကြောင့် ဓာတ်ပုံနဲ့ တင်ပြနိုင်ခြင်းမရှိပါဘူး။ အဆက်ဆက်က ဆရာမများကလည်းပဲ အဲဒီကျေးရွာရဲ့ အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အိမ်တွေမှာ ကပ်နေပြီးတော့မှ သူတို့နေထိုင်နေရတဲ့ အနေအထားမျိုးရှိပါတယ်။ ဒီကျေးလက်ကျန်းမာရေးဌာနခွဲရဲ့ အောက်မှာ ချင်းအမျိုးသား ကျေးရွာလေး(၂)ရွာလည်း ရှိပါတယ်။ ယခုအခါမှာတော့ ပုံမှာပါတဲ့အတိုင်းပဲ တောင်ပေါ်မှာရှိတဲ့ တောင်ပေါ်ကျောင်းဘုန်းကြီးကနေပြီးတော့ မြေကွက်ကလေးကို လှူဒါန်းတဲ့ အခါကျတော့ မြေကွက်ရရှိလာတဲ့ အနေအထားမျိုးမှာ ရှိပါတယ်။ ဒါကတော့ ဇလုံကျေးလက်ကျန်းမာရေးဌာနခွဲရဲ့ အနေအထားလေးပါ။

ဒါကတော့ ကျွန်တော်တို့ အရှေ့မြောက်ဖျား၊ အောင်လံနဲ့ စစ်ရပ်မှာရှိတဲ့ ချင်း ရွာလေး(၃)ရွာရဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်ပါတယ်။ အဲဒီမှာ တပ်ထားတဲ့ ဆိုင်းပုဒ်ကလေးနဲ့ မြင်တဲ့အတိုင်းပါပဲ။ တဲသာသာပဲ ရှိပါတယ်။ ဒါ အဝေးကကြည့်ရင် မြင်နိုင်တဲ့ပုံ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်တွေထဲမှာ ဒီ ခုနပြောတဲ့ ပြည်သူ လူထုကနေပြီးတော့ လှူဒါန်းတဲ့ မြေနေရာ ရရှိရေးပါ ဆောင်ရွက်ပေးရတဲ့ အနေအထားဖြစ်သည့်အတွက်ကြောင့် အဲဒီနယ်စပ်မှာရှိတဲ့ ကျေးရွာလေးကို သွားရင်းနဲ့ ဒီမြေကွက်ကလေးပါ အလှူခံခဲ့လို့ အခုအခါမှာတော့ ကျွန်တော်တို့ မြေကွက်လည်း အလှူခံလို့ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မနေ့က ပညာကျန်းမာယဉ်ကျေးမှုကော်မတီ အနေနဲ့ ကျန်းမာရေးဌာန တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံတဲ့အခါမှာ ဝမ်းသာစရာ သတင်းလေးတစ်ခုကတော့ ကျေးလက်ကျန်းမာရေးဌာနခွဲ အားလုံးမှာ ကျွန်တော်တို့ မိခင်တွေရဲ့ မွေးဖွား၊ သေနှုန်းတွေ ကျဆုံးနေတဲ့ ဥစ္စာကို ကယ်တင်တဲ့ နည်းလမ်းတစ်ခုအနေနဲ့ ကျွန်တော်တို့ Safe Delivery Unit ဆိုတဲ့အတိုင်းပဲ ကျွန်တော်တို့ မွေးဖွားတဲ့ နေရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ကျွန်တော်တို့ အဆောက်အအုံလေးတွေ တည်ဆောက်ပေးမယ်ဆိုတဲ့ အနေအထားမျိုး သိရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့လည်းပဲ အခု ဒီမေးခွန်းမှာပါတဲ့အတိုင်းပဲ ကျွန်တော်တွေ့ခဲ့တဲ့ ဇလုံကျေးလက်ကျန်းမာရေးဌာနနဲ့ ကံကြီးကုန်းကျေးလက် ကျန်းမာရေးဌာနခွဲ(၂)ခုကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အဆောက်အဦလေးများ ဆောက်လုပ်ပေးဖို့ အစီအစဉ် ရှိ၊ မရှိနဲ့ ပတ်သက်ပြီးတော့ တကယ်လို့ ဆောက်လုပ်ပေးမယ်ဆိုလို့ရှိရင်လည်း မည်သည့်အချိန်မှာ ဆောက်လုပ်ပေးမယ်ဆိုတဲ့ ဥစ္စာကို သိရှိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အောင်လံမြို့နယ်၊ သမ္ဘုလကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က အောင်လံမြို့နယ်၊သမ္ဘုလကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးဝင်းတင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးသို့ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ သမ္ဘုလတိုက်နယ်တွင် ကျေးရွာအုပ်စုပေါင်း (၁၇)အုပ်စုရှိပြီး၊ ကျေးရွာပေါင်း(၄၉)ရွာ တည်ရှိနေပါတယ်။ သမ္ဘုလကျေးရွာမှာ အိမ်ခြေ(၉၈၅)အိမ်ရှိပြီး၊ လူဦးရေ (၅၀၀၀)နီးပါးခန့် ရှိနေပြီ ဖြစ်ပါတယ်။ တိုက်နယ်ရဲ့ နယ်မြေကျယ်ဝန်းပြီး လူဦးရေဟာ လေးသောင်းခွဲကျော် ရှိနေပြီဖြစ်သော်လည်း ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်း အလွန်နိမ့်ပါးနေတဲ့အတွက် သမ္ဘုလတိုက်နယ်၊ သမ္ဘုလကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးသွားရန် အစီအစဉ် ရှိ၊မရှိ ဆိုတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော့် အနေဖြင့် သမ္ဘုလတိုက်နယ်၊ သမ္ဘုလကျေးရွာရဲ့ ပထဝီအနေအထားကို စတင်တင်ပြလိုပါတယ်။ သမ္ဘုလ ကျေးရွာဟာ နယ်မြေအလွန်ကျယ်ဝန်းပြီး အောင်လံမြို့ရဲ့ အရှေ့ဘက်(၂၄)မိုင်အကွာ အလယ်ရိုးမတောင် ခြေမှာ တည်ရှိနေပါတယ်။ တိုက်နယ်၏ ကျေးရွာအတော်များများဟာ ရိုးမတောင်ခြေအစပ်မှာ တည်ရှိ နေကြပါတယ်။ ခရိုင်ချင်းဆက် လမ်းဘေးကျေးရွာ အချို့ကလွဲလို့ ကျန်ကျေးရွာတွေဟာ လမ်းပန်း ဆက်သွယ်ရေး အထူးခက်ခဲလှပါတယ်။ လက်ရှိတိုက်နယ် ဆေးရုံရှိပြီး၊ ရွှေပန်းတောကျေးရွာနဲ့လည်း (၁၂)မိုင်ခန့် ကွာဝေးပါတယ်။ တိုက်နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုတွေကတော့ ရွာမထုံး၊ အောင်မြေ ကုန်း၊ မောင်းမလုပ်၊ ဒန်းဒေါက်၊ ညောင်ကိုင်း၊ ပိတ်အင်း၊ ပြင်ပုံ၊ စပ်ဆူဝ၊ ဗိုလ်လုကုန်း၊ သစ်ခေါင်းတီး၊ တလုပ်ပင်၊ လှံတင်ကျေးရွာအုပ်စုနဲ့ သမ္ဘုလကျေးရွာအုပ်စုများပင် ဖြစ်ပါတယ်။

အောင်လံမြို့နယ်၊ သမ္ဘုလအခြေစိုက် သမ္ဘုလကျေးရွာအနီးတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ က.ပ.စ အမှတ်(၁၅)စက်ရုံလည်း တည်ရှိနေပါတယ်။ သမ္ဘုလကျေးရွာတွင် ရဲစခန်းလည်း ရှိပြီးဖြစ်ပါ တယ်။ အခြေခံပညာအထက်တန်းကျောင်းလည်း ရှိနေပြီဖြစ်တဲ့အတွက် ပညာရေးအဆင့်အတန်း စတင် မြင့်မားစပြုနေပါပြီ။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ အစပြုပြီး တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေဌာန ရရှိခဲ့ပြီး ဖြစ်သော်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသား/ကျောင်းသူများ ရုတ်တရက် ကျန်းမာရေးအခြေအနေအရ ဆေးရုံမှာ ဖြေဆိုရမယ်ဆိုရင် တိုက်နယ်ဆေးရုံ မရှိဘဲ ဖြစ်နေပါတယ်။

တိုက်နယ်ဆေးရုံ အမြန်တည်ဆောက်ဖွင့်လှစ်ပေးသွားပါရန် အထူးလိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

အောင်လံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဒေသဖွံ့ဖြိုးရေးခရီးစဉ်မှာ ၎င်းတိုက်နယ်အခြေစိုက် ပြည်သူများက အောင်လံမြို့နယ် အခြားအခြေစိုက်နယ်မြေတွေမှာ တိုက်နယ်ဆေးရုံတွေ ရှိနေကြပါပြီ။ သူတို့နယ်မြေမှာ ကျန်းမာရေးတိုးမြှင့်ပေးနိုင်မယ့် တိုက်နယ်ဆေးရုံမရှိဘူး ဖြစ်နေပါတယ်။ ကျေးလက်ပြည်သူတို့ လူမှုဘဝ တိုးတက်လာရေးအတွက် ဆေးရုံတစ်ရုံတည်ဆောက်ပေးဖို့ နိုင်ငံတော်သို့ တင်ပြပေးပါရန် အကူအညီတောင်းခံခဲ့ကြပါတယ်။ ပြည်သူတွေရဲ့ ဆန္ဒကို ဆက်လက်တင်ပြပေးမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မြို့တက်လမ်းကို နိုင်ငံတော်မှ စတင်ဆောင်ရွက်ပေးနေပါပြီ။ မကြာမီ သမ္ဘူလ-အောင်လံလမ်းမကြီး ကောင်းလာတော့မှာ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍတွင်လည်း အထိုက်အလျောက် ပြည့်စုံနေပါပြီ။ ကျေးလက်ပြည်သူတို့ရဲ့ ဆင်းရဲလျော့ချနိုင်ရေးကို အဓိကအထောက်အကူပြုလျက်ရှိတဲ့ ကျန်းမာရေးကဏ္ဍတစ်ရပ်သာ ယင်းဒေသမှာ မြှင့်တင်ပေးဖို့ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ပါ၍ တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ဖွင့်လှစ်ပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်။ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ သမ္ဘူလတိုက်နယ်၊ သမ္ဘူလကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးသွားရန် အစီအစဉ် ရှိမရှိ။ (ခ) အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်း အပ်ပါတယ်ခင်ဗျား။

**မာန်အောင်မြို့နယ် ဆေးရုံတွင် လစ်လပ်လျက် ရှိသော လက်ထောက်ဆရာဝန်(၃)ဦးအား ဆောလျင်စွာ ခန့်ထားပေးရန်နှင့် သစ်ပုံတိုက်နယ်ဆေးရုံတွင် ဖွဲ့စည်းပုံသစ်အရ ဝန်ထမ်းအင်အားအပြည့် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က မာန်အောင်မြို့နယ် ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်(၃)ဦးအား ဆောလျင်စွာ ခန့်ထားပေးရန်နှင့် သစ်ပုံတိုက်နယ်ဆေးရုံတွင် ဖွဲ့စည်းပုံသစ်အရ ဝန်ထမ်းအင်အားအပြည့် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် မှ လေးစားစွာ ရိုသေဂါရဝပြုအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မေးခွန်း(၂)ခုကို မေးဖို့ ရှိပါတယ်။ အဲဒါကတော့ (၁)ကတော့ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ဆေးရုံတွင် လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်(၃)ဦးအား ဆောလျင်စွာ ခန့်ထားပေးရန်နှင့် ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် သစ်ပုံတိုက် တိုက်နယ်ဆေးရုံတွင် ဖွဲ့စည်းပုံအသစ်အရ ဝန်ထမ်း အင်အားအပြည့် ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ တို့ကို မေးမြန်းခွင့်ပြုပါရန် လျှောက်ထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ၉-၅-၂၀၁၄ တွင် မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မိုး မှ အောက်ပါအတိုင်း တောင်းဆိုတင်ပြခဲ့ပါတယ်။ (က) မာန်အောင်မြို့နယ်ဆေးရုံတွင် လက်ထောက်ဆရာဝန် ခွင့်ပြုဦးရေ (၄)ဦးရှိသော်လည်း ယနေ့အထိ ခန့်ထားမှုက (၁)ဦးသာ ရှိထားသေးသဖြင့် နောက်ထပ် လက်ထောက်ဆရာဝန်(၃)ဦး ထပ်မံခန့်ထားပေးပါရန်နှင့် မာန်အောင်မြို့နယ် သစ်ပုံတိုက်နယ်ဆေးရုံ တွင် ယခင် ခွင့်ပြုထားသော ဖွဲ့စည်းပုံအရ တိုက်နယ်ဆရာဝန်(၁)ဦး၊ အထက်တန်းသူနာပြု ဆရာမ(၁)ဦး၊ ဆေးစပ် ဆရာ(၁)ဦးနှင့် အလုပ်သမား(၃)ဦးဖြစ်ရာ ယခုအခါ တိုက်နယ်ဆရာဝန်(၁)ဦး အထက်တန်း သူနာပြု(၁)ဦး၊ အလုပ်သမား(၁)ဦးတို့ဖြင့်သာ လုပ်ငန်းဆောင်ရွက်နေရလျက်ရှိရာ အခက်အခဲများစွာ ရှိနေပါကြောင်းနဲ့ ယခုဖွဲ့စည်းပုံအသစ်အရ တိုက်နယ်ဆရာဝန်(၁)ဦး၊ လက်ထောက်ဆရာဝန်(၁)ဦး၊ အထက်တန်း သူနာပြုဆရာမ(၂)ဦး၊ သူနာပြု(၄)ဦး၊ ဆေးစပ်ဆရာ(၁)ဦး၊ ဓာတ်ခွဲမှူး(၁)ဦးနှင့် အထွေထွေလုပ်သား (၆)ဦးတို့ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအသစ်ဖြင့် ဝန်ထမ်းအင်အားများကို အပြည့် ခန့်ထား ပေးမည်ဆိုပါက လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေနိုင်မည် ဖြစ်ကြောင်းတို့ကို တင်ပြတောင်းဆိုခဲ့ပါတယ်။ ဒီဆရာဒေါက်တာ ဦးအောင်ကျော်မိုး ရဲ့ တင်ပြလွှာကိုလည်းပဲ ကျွန်တော် ပူးတွဲတင်ပြထားပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်ဟာ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ အနောက်ဘက် ဘင်္ဂလားပင်လယ်အော်အတွင်းမှာ သီးခြားတည်ရှိသော ကျွန်းတစ်ကျွန်းပေါ်မှာရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ မာန်အောင်မြို့နယ်တွင် ရဲကျွန်းနဲ့ တိုက်ကျွန်းအမည်ရှိသော သီးခြားကျွန်း(၂)ခု ပါဝင်ပြီး မြို့ပေါ် ရပ်ကွက်ပေါင်း(၅)ခု၊ ကျေးရွာအုပ်စု (၃၆)စုတို့ပါဝင်သော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ မြို့နယ် အတွင်းမှာရှိတဲ့ လူများဟာ ငါးဖမ်းခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းမှုကို အဓိကလုပ်ကိုင်နေကြသူများ ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးအားဖြင့် ပုဂ္ဂလိက ရေကြောင်းလိုင်းများကိုသာ အားထားနေရပြီး သွားရေးလာရေး စရိတ်စက အဆမတန် ပေးဆောင်၍ အစိုးရကိစ္စ၊ အရေးကြီးသော ကိုယ်ရေးကိုယ် တာ ကိစ္စတို့မှအစ သွားလာနေရပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးမှအစ အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသော မြို့နယ်တစ်ခုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၁၃/၂၀၁၃ တွင် ပါရှိသော ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများစာရင်းတွင် ပါရှိသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဒီလို ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲသော

ဒေသများမှာရှိတဲ့ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရမှာ တာဝန်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန် (၃)ဦးအား ဆောလျင်စွာ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ (၂) မာန်အောင်မြို့နယ် သစ်ပုံတိုက်နယ် ဆေးရုံတွင် ဖွဲ့စည်းပုံအသစ်အရ ဝန်ထမ်းဦးရေအောင်အား အပြည့် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ခန့်ထားပေးနိုင်မည်နည်း နဲ့ အစီအစဉ်မရှိပါက အဘယ်ကြောင့်ပါနည်းဟု မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အား မေးမြန်းထားသော မေးခွန်း(၄)ခုအား ကျန်းမာရေးဝန်ကြီးရဲ့ ကိုယ်စား ဒုတိယဝန်ကြီးဖြစ်သူ မိမိမှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ မေးခွန်းအား ကျွန်တော့်အနေဖြင့် ရှင်းလင်းတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် အမျိုးသားအစားအသောက် ဥပဒေပါ ရည်ရွယ်ချက်များကို အခြေခံပြီးတော့ ဗဟိုအစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံတော်အတွင်း ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချလျက်ရှိတဲ့ အစားအသောက်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး ပြည့်မီရေးနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒီနေရာမှာ သောက်သုံးရေအစား သောက်ရေသန့် အစားအသောက်ထုတ်လုပ်မှု ထောက်ခံချက်ပေးခြင်းကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ သောက်သုံးရေ ထုတ်လုပ်လိုသူသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သောက်ရေသန့် ထုတ်လုပ်ခြင်း ထောက်ခံချက်အတွက် လျှောက်ထားရပါတယ်။ ထိုသို့ လျှောက်ထားတဲ့အခါမှာ စာရွက်စာတမ်းများ ပြီးပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကို ပမာဏ စစ်ဆေးပြီး၊ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီး၊ အစားအသောက်နဲ့ ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီမှ သောက်သုံးရေ ထုတ်လုပ်သည့် စက်ရုံအား ကွင်းဆင်း စစ်ဆေးပါတယ်။ ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် ထုတ်လုပ်ခွင့်ထောက်ခံချက် လျှောက်ထားစဉ်က တင်ပြသော အချက်အလက် နှင့် ကိုက်ညီမှု ရှိ၊ မရှိ။ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice) နှင့် အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေးပါတယ်။

လုပ်ငန်းအသစ်ဖြစ်ပါက ဗဟိုအဆင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ထပ်မံကွင်းဆင်း စစ်ဆေးပါတယ်။ ကွင်းဆင်းစစ်ဆေးစဉ်မှာ ထုတ်လုပ်တဲ့ ရေသန့်ရဲ့ အမျိုးအစားအလိုက် ထုပ်ပိုးပုံ အရွယ်အစားနှင့် အမှတ်တံဆိပ်အလိုက် နမူနာများ ကောက်ယူပြီး အရည်အသွေး သတ်မှတ်ချက်နဲ့ ကိုက်ညီမှု ရှိ၊ မရှိ ဓာတ်ခွဲခန်းသို့ ပေးပို့ပါတယ်။

ထို့အပြင် စက်ရုံ စစ်ဆေးစဉ် စက်ရုံစစ်ဆေးသည့် အဖွဲ့များမှ မှတ်ချက်ပြုထားသည့် ညွှန်ကြားချက်များကို လုပ်ငန်းမှ ပြင်ဆင်ပြီးစီးကြောင်း ဓာတ်ပုံမှတ်တမ်းနှင့်တကွ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ ပြန်လည်တင်ပြစေပါတယ်။ ပြန်လည်တင်ပြသော အချက်များအား စိစစ်ပြီး နမူနာများ ဓာတ်ခွဲစစ်ဆေးချက်အရ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီခြင်းဆိုင်ရာ အဏုဇီဝနှင့် ဓာတုသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက အစားအသောက်၊ သောက်ရေသန့်ထုတ်လုပ်ခြင်း ထောက်ခံချက် ထုတ်ပေးနိုင်ရန်အတွက် ဗဟို အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေးသို့ တင်ပြပါတယ်။ ဗဟို အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ ခွင့်ပြုပါက အစားအသောက်၊ သောက်သုံးရေသန့်ကို ထုတ်လုပ်ခွင့်လက်မှတ် ထုတ်ပေးပါတယ်။ ထိုသို့ ထောက်ခံချက် ထုတ်ပေးရာမှာလည်း သက်တမ်းအားဖြင့် (၂)နှစ်သာ ဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်၍ မြန်မာနိုင်ငံတစ်ခုလုံးတွင် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် သောက်ရေသန့်လုပ်ငန်း (၇၁၉)ခု ရှိပါတယ်။ တိုင်းအလိုက် တင်ပြရမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးတွင် (၂၅၂)ခု၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၀၆)ခု၊ ပဲခူးတိုင်းဒေသကြီးတွင် (၅၁)ခုနဲ့ မကွေးတိုင်းဒေသကြီးတွင် (၂၇)ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၃၃)ခုနဲ့ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၄)ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၃၆)ခုနဲ့ မွန်ပြည်နယ်တွင် (၂၆)ခု၊ ရှမ်းပြည်နယ်တွင် (၈၈)ခုနဲ့ ကချင်ပြည်နယ်တွင် (၂၅)ခု၊ ကရင်ပြည်နယ်တွင် (၁၆)ခုနဲ့ ကယားပြည်နယ်တွင်(၄)ခု၊ ချင်းပြည်နယ်တွင်(၁)ခုနဲ့ ရခိုင်ပြည်နယ်တွင် (၁၃)ခုနဲ့ နေပြည်တော် ကောင်စီ နယ်မြေတွင် (၂၇)ခု ရှိကြောင်း တင်ပြအပ်ပါတယ်။

သတ်မှတ်ချက်နဲ့ မပြည့်မီသော လုပ်ငန်းများကို ပြည့်မီအောင် ပြုပြင်ဆောင်ရွက်စေပြီးမှ သာလျှင် ထောက်ခံချက်ကို ထုတ်ပေးပါတယ်။ ထောက်ခံချက် ရရှိတဲ့ သောက်ရေသန့်လုပ်ငန်းများ အား (၄) လ၊ (၁)ကြိမ် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနမှ သတ်မှတ်ချက်နဲ့ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပါတယ်။ ဈေးကွက်မှာရှိတဲ့ သောက်သုံးရေသန့်များကိုလည်း အရည်အသွေးကို ဈေးကွက် ထောက်လှမ်းခြင်း (Market Surveillance) အစီအစဉ်ဖြင့် ကျပန်းနမူနာများ ကောက်ယူ စစ်ဆေးခြင်းများကိုလည်း ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။

ရှေ့ဆက်ပြီး ဆောင်ရွက်မယ့် အစီအစဉ်ကိုလည်း တင်ပြလိုပါတယ်။ တင်ပြပါလျှောက်ထားတဲ့ သောက်ရေသန့်များနှင့် ထောက်ခံချက်ကို ရရှိပြီး သက်တမ်းရှိ သောက်ရေသန့် လုပ်ငန်းများကို ဈေးကွက်နမူနာ စစ်ဆေးချက်အရ သတ်မှတ်ချက်နဲ့ ကိုက်ညီမှု မရှိလျှင်သော်လည်းကောင်း၊ အရည်အသွေး ပြည့်မီမှု မရှိလျှင်သော်လည်းကောင်း၊ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခွင့်ကို ဆိုင်းငံ့ခြင်း၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင် ဖြစ်သည့် အာဏာပိုင်(ထွေ/အုပ်)မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းအား တားမြစ်စေခြင်း၊

လုပ်ငန်းသည် သတ်မှတ်ချက်နဲ့အညီ ပြင်ဆင်ပြီး ကိုက်ညီမှုရှိမှသာ ပြန်လည်ထုတ်လုပ် ဖြန့်ဖြူး ရောင်းချစေခြင်း စသည့် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းစဉ်များကိုလည်း တိုးမြှင့်ပြီးတော့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းကို ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်း တင်ပြသွားပါမယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်မြို့နယ်၊ ပေါင်းတလည်တိုက်နယ်ဆေးရုံတွင် (၄)ခန်းတွဲ သူနာပြုနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် သန်း(၆၀)၊ ပြည်မြို့နယ်၊ ဆီဆုံကုန်းကျေးလက် ကျန်းမာရေးဌာနခွဲအဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် (၂၅)သန်းနှင့် ပြည်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် သန်း(၃၀၀) စုစုပေါင်း သန်းပေါင်း(၃၈၅)သန်းအား ရန်ပုံငွေလျာထားခဲ့ပြီး ဖြစ်ပါတယ်။ ပြည်မြို့နယ်အတွင်းရှိ ဇလုံကျေးရွာနှင့် ကံကြီးကုန်းကျေးရွာကျေးလက်ဌာနခွဲ အဆောက်အဦ ဆောက်လုပ်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လျာထားခြင်း မရှိသေးပါ။ သို့ရာတွင် ဆောက်လုပ်ရန် အစီအစဉ်မရှိသေးသော်လည်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက် စီမံကိန်းအရ ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းကို ဆက်လက်ရှင်းလင်းတင်ပြပါ့မယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်မှာ ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၄)ရုံ တင်ပြပါတိုက်နယ်ဆေးရုံများမှာ ပြလို့၊ ရွှေပန်းတောင်း၊ ညောင်ပင်ဆိပ်၊ ကျောက်ပန်းတောင်း စုစုပေါင်း ဆေးရုံ(၅)ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန (၉)ခု၊ ရွှေပန်းတော၊ တလုပ်ပင်၊ ညောင်ပင်ဆိပ်၊ ပြလို့၊ ကျောက်ပန်းတောင်း၊ သမ္ဘူလ၊ ရေနံကြီး၊ စီရွာ၊ အင်းလယ် ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၃)ခုတို့ဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သမ္ဘူလကျေးလက်ကျန်းမာရေးဌာနသည် ကျောက်ကြီးလမ်းဖြင့် ကျောက်ပန်းတောင်း တိုက်နယ်ဆေးရုံနှင့် ဆက်သွယ်နိုင်မယ်ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ရာသီမရွေး သွားလာနိုင်တဲ့ အခြေအနေလည်း ရှိပါတယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ်၊ ရွှေပန်းတောတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းအတွက် သန်းပေါင်း(၂၂၅)သန်း၊ ကျောက်ပန်းတောင်း တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းအတွက် သန်းပေါင်း(၅၅၅)သန်း၊ ရေနံကြီးတိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်းအတွက် သန်းပေါင်း (၁၅၀)၊ ပြလို့တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် သန်း(၅၀)၊ စီရွာကျေးလက်ကျန်းမာရေးဌာန အဆောက်အဦအတွက် သန်း(၆၀)၊ အင်းလယ်ကျေးရွာကျန်းမာရေး အဆောက်အဦဆောက်လုပ်ခြင်းအတွက် သန်း(၂၀)၊ မြို့လှကျေးလက်ကျန်းမာရေးအတွက် ကျပ် (၁၅)သန်း၊ ရွာမထုံးကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦအတွက် ကျပ်(၁၅)သန်းနှင့် လှံတင်ကျေးလက်ကျန်းမာရေးဆောက်လုပ်ခြင်းအတွက် ကျပ်(၃၅)သန်းတို့ ခွင့်ပြုခဲ့ရာ စုစုပေါင်း သန်းပေါင်း(၁၁၂၅)သန်း လျာထား

ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အောင်လံမြို့ရှိ သမ္မာလကျေးလက်ကျန်းမာရေးဌာနခွဲကို တိုက်နယ်ဆေးရုံအဆင့် ဖွင့်လှစ်ရန် ယခုလောလောဆယ် အစီအစဉ် မရှိသေးသော်လည်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက် စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည် ရှင်းလင်းတင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး အမှတ်(၄)မေးခွန်းကို ရခိုင်ပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းကို ရှင်းလင်းတင်ပြပါ့မယ်။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်အချို့အား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း ခန့်အပ်ရန် စီစဉ်လျက်ရှိပါတယ်။ သစ်ပုံတိုက်နယ်ဆေးရုံတွင် ဆရာဝန် ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြု(၁)ဦး၊ ခန့်ထား(၁)ဦး ဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံဆရာဝန်အဖြစ် ဒေါက်တာရဲလင်း ဆောင်ရွက်လျက် ရှိပါတယ်။ အထက်တန်းသူနာပြုအနေဖြင့် ခွင့်ပြု(၁)ဦး၊ ခန့်ထား(၁)ဦး ရှိပါတယ်။ စံကိုက်ဖွဲ့စည်းပုံအသစ် ရရှိပါက သူနာပြုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ သစ်ပုံတိုက်နယ်ဆေးရုံတွင် လိုအပ်နေတဲ့ အထွေထွေလုပ်သား ရာထူးအတွက် နေ့စားဝန်ထမ်းခန့်ထားရေးနှင့် ပတ်သက်၍ မာန်အောင်မြို့နယ် ကျန်းမာရေးဦးစီးမှူး၏ ခွင့်ပြု၊ ခန့်ထား၊ လစ်လပ်စာရင်းအရ တောင်းခံမှုအပေါ် ရခိုင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ရန်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းရှိ ဗဟိုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ ဆေးဘက်ကျွမ်းကျင် (၄)(ဆေးစပ်) ရာထူး လစ်လပ်နေရာတွင် ဖြည့်ဆည်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ဌာနပြင်ပမှ သင်တန်းများကို ခေါ်ယူစိစစ်ရွေးချယ်ပြီး ဖြစ်ပါတယ်။ ၂၀၁၄၊ ဇွန်လမှ စတင်ပြီး ဆေးဘက်(၄) (ဆေးစပ်)(၆)လ သင်တန်းများကို ပေးလျက်ရှိပါတယ်။ သင်တန်းပြီးချိန်တွင် မာန်အောင်မြို့နယ်၊ သစ်ပုံတိုက်နယ် ဆေးရုံအပါအဝင် ဗဟိုအဆင့် ဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်နှင့်ဒေသန္တရကျန်းမာရေးဌာနများရှိ လစ်လပ်နေတဲ့ ဆေးဘက် ကျွမ်းကျင်(၄) (ဆေးစပ်) ရာထူးများတွင် ဖြည့်စွက်ခန့်ထားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း ရဲ့ နိုင်ငံတစ်ဝန်း သောက်ရေသန့်ဘူးများ၏ ရေ အရည်အသွေး ဆိုင်ရာ စဉ်ဆက်မပြတ် စစ်ဆေးမှု ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနဲ့ ပြည်ထောင်စု ကျန်းမာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ရဲ့ အဖြေတို့ဟာ အများပြည်သူသိရှိရန် လိုအပ်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းပေးဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၇-၂-၂၀၁၄ ရက်နေ့တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၆-၂-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်း အရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီဝင်လည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အလုပ်သမားရေးရာ အငြင်းပွားမှု
ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄- ၂၆၆
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်

၁။ ပြည်သူ့လွှတ်တော်က အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၉-၆-၂၀၁၄) ရက်နေ့တွင် ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် ပတ်သက်၍ (၁၆-၆-၂၀၁၄) ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ခဲ့ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) အလုပ်သမားရေးရာအငြင်းပွားမှု ညှိနှိုင်းရေးအဖွဲ့များကို နေပြည်တော်အပါအဝင် ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန် ပုဒ်မ၊ ပုဒ်မခွဲများ အစားထိုးခြင်း၊ စကားရပ်များနှင့် ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အတည်ဖြစ်ပြီးသော ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်နိုင်စေရန် တားမြစ်ချက်အသစ်တစ်ခုအဖြစ် ပုဒ်မ ၄၃-က ကို ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ထို့ပြင် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းမှုများကို ဥပဒေနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် ပြစ်ဒဏ်များကို ပြင်ဆင်ထားခြင်းလည်းဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဃ) သို့ရာတွင် ပြစ်ဒဏ်ချမှတ်မှုများ၌ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အနေအထားနှင့် လူမှုစီးပွားဘဝအခြေအနေတို့ကို အလေးအနက်ထား၍ သုံးသပ်စဥ်းစားရန် လိုအပ်ပါသည်။ ထို့ပြင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်မှုရှိစေရန်နှင့် ဤဥပဒေပါ တားမြစ်ချက်များကို တိကျစွာ လိုက်နာကျင့်သုံးမှုရှိစေရန်အတွက် သင့်လျော်သည့် ပြစ်ဒဏ်ပြဋ္ဌာန်းချက်များ လိုအပ်ကြောင်း ဥပဒေကြမ်းကော်မတီက သဘောထား ရရှိပါသည်။ ထိုကြောင့် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းတွင် ပြစ်ဒဏ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သော ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၈-က တို့ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၄၆ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၃၈နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှုအတွက် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့်အထက် ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်မှု အသီးသီးအတွက် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၄၇ မည်သူမဆို ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှုအတွက် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့် အထက် ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်မှုအသီးသီးအတွက် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၄၈ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှုအတွက် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့်အထက်ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်မှုအသီးသီးအတွက် ထိုသူကို နှစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၄၈-က ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်မှုအတွက် ထိုသူကို ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ဒုတိယအကြိမ်နှင့် အထက်

ထပ်မံ၍ ဖောက်ဖျက်ကျူးလွန်မှု အသီးသီးအတွက် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက တရားရုံးက ချမှတ်သည့် ငွေဒဏ်မှ သင့်လျော်သော ငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။

(င) ဤဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို အရေးယူဆောင်ရွက်ရာတွင် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူပြီးမှ ဆောင်ရွက်နိုင်ရန်အတွက် ပုဒ်မ ၅၄ ၏နောက်တွင် ပုဒ်မ ၅၄-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

ပုဒ်မ ၅၄-က ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်သဖြင့် အရေးယူရမည့် ကိစ္စမှအပ ဤဥပဒေအရ အရေးယူရန် ကိစ္စများသည် ခုံသမာဓိကောင်စီ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များတွင် အချက်(၅)ချက်ကို သဘောတူလက်ခံပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ထပ်မံအသစ်ဖြည့်စွက်ချက် အချက်(၁)ချက် နှင့် ပြင်ဆင်အစားထိုးသည့် အချက်(၄)ချက်တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း**

**ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၀) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]